# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၄၃)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် ၊ ၇-၈-၂၀၂၅ ၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်း နိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ဟိုတယ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းက ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် နိုင်ငံတော်ဧည့်ဂေဟာအတွင်းရှိ ဟိုတယ်များ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ ငလျင်ဒဏ်သင့် ဟိုတယ်အဆောက်အအုံနှင့် အခန်းများ၊ ခန်းမများအား ပြုပြင်မွမ်းမံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်သင့် ဟိုတယ်အဆောက်အအုံများအား ပြုပြင်မွမ်းမံရာတွင် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရေး၊ ပြင်ဆင်ဆဲအဆောက်အအုံများ၊ အခန်းများအား အမြန်ပြီးစီးအောင်ဆောင်ရွက်ပြီး ခရီးသွားရာသီမတိုင်မီ အဆင်သင့်ဖြစ်စေရေး၊ ဧည့်သည်များ စိတ်အေးချမ်းမြေ့စွာ ရက်ရှည်တည်းခိုနေထိုင်ရန် ဆွဲဆောင်မှုရှိသော အပြင်အဆင်များဆောင်ရွက်ရေး၊ ဝန်ဆောင်မှုကောင်းများဖြင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်များဖြစ်စေရန် ကြိုးပမ်းကြရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးကြေညာချက်နှင့် အရေးပေါ်ထွက်ပေါက်နေရာပြ ဆိုင်းဘုတ်များ စီစဉ်ထားရှိရေးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဝိုင်းဝန်းကြိုးစားကြရန် မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်များ၌ ဧည့်သည်များအား ဝန်ဆောင်မှုပေးနေမှု၊ ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဟိုတယ်ဝင်းအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားရှိသော အော်ဂဲနစ်စိုက်ခင်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ် တပ်ဆင်သုံးစွဲနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၆**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

ဝ-ဝ-ဝ-ဝ-ဝ

**ယနေ့ ဖတ်စရာ အညွှန်း**


ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ — စာမျက်နှာ ၂

အီးပန်ဂတ်စ်ဆန့်ကို ခေါ်ယူရန် အင်္ဂတွင်နိုလာအသင်း သဘောတူညီမှုရရှိ — စာမျက်နှာ ၁၁

၂၂ လမ်းရှိ မြောင်းကြီးနှစ်ကောင်အား ရေးမူမပျက် ပြန်လည်တည်ဆောက်ရေးစတင်ဆောင်ရွက် — စာမျက်နှာ ၁၂

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ ကြာသပတေးနေ့။

## လျှပ်စစ်သုံးယာဉ်ကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ် (Electric Vehicle EV)ကဏ္ဍဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတွင် EV သုံးစွဲမှု မြင့်တက်လာရာ ပြည်သူများ EV ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့်သုံးစွဲနိုင်ရေးအတွက် သင်တန်းသားများသည် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်သည်အထိ လေ့ကျင့်သင်ကြားကြရန်၊ EV ကဏ္ဍဖွံ့ဖြိုးရေးအတွက် အမှန်တကယ်အကျိုးပြုနိုင်သည့် EV နည်းပညာရှင်များ ဖြစ်စေရေးအတွက် သင်တန်းချိန်များကို တန်ဖိုးထား၍ ကြိုးစားလေ့ကျင့်ကြရန် လိုအပ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ် (TTTC ဘယ်လင်း)တွင် ကျင်းပသည့် EV Mechanics သင်တန်း(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ရာတွင် တိုက်တွန်းမှာကြားခဲ့သည်။

သင်တန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ UNR ၁၀၀၊ ဗို့အားမြင့် မောင်းနှင်ခြင်းစနစ်၊ ဘက်ထရီနည်းပညာ၊ ထိန်းချုပ်စနစ်၊ Special Hand Tools ကိုင်တွယ်အသုံးပြုပုံ၊ ပြစ်ချက်ပြဿနာရှာဖွေခြင်းနှင့် စမ်းသပ်ခြင်း၊ Traction Battery ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်း၊ Electrical Power Train စနစ်ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်းဆိုင်ရာ လက်တွေ့လုပ်ငန်းများကို အဆင့်မြင့်သင်ထောက်ကူ မော်ကျူးများ အသုံးပြုကာ စက်ပြင်ဆရာ (မက္ကင်းနစ်များ)၏ နည်းပညာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သိသင့်သော EV နည်းပညာများ၊ မဖြစ်မနေလေ့ကျင့်သင့်သော လက်တွေ့လုပ်ငန်းများဖြင့် လက်တွေ့ကျကျ တတ်မြောက်သင့်သည့် လက်တွေ့လုပ်ငန်းများကို သင်တန်းကာလ ငါးရက်၊ သင်တန်းချိန်နာရီ ၃၀ ဖြင့် လေ့ကျင့် သင်ကြားပေးမည်ဖြစ်သည်။

ကမ္ဘာကြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကာဗွန်ကင်းစင်ရေး ကမ္ဘာ့ပန်းတိုင်နှင့်အညီ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍများတွင် ရုပ်ကြွင်းလောင်စာများကို မဟာဗျူဟာမြောက် လျှော့ချသုံးစွဲလာကြပြီး နိုင်ငံတကာ၌ EV များကို တွင်ကျယ်စွာ သုံးစွဲလျက်ရှိသည်။ ပြည်သူများ EV ကို အဆင်ပြေစွာ သုံးစွဲနိုင်အောင် လက်တွေ့ကျကျ အထောက်အကူပြုမည့် IT Application များ ဖွံ့ဖြိုးရေးအလေးပေးကာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း အခြားနိုင်ငံများနည်းတူ ဖန်လုံအိမ်ဓာတ်ငွေ့(မီးခိုးများ) ထုတ်လွှတ်သည့် ယာဉ်များသုံးစွဲမှုအစား လျှပ်စစ်သုံးယာဉ် EV သုံးစွဲမှုမှတစ်ဆင့် လေထုနှင့် အသံညစ်ညမ်းမှုများ လျှော့ချနိုင်ကာ ကျန်းမာရေးကောင်းမွန်မှု အပါအဝင် အခြားအကျိုးကျေးဇူးများကို ပြည်သူများ ရရှိနိုင်စေရေးနှင့် Sustainable Society ကို တည်ထောင်နိုင်ရေးတို့အတွက် EV ကဏ္ဍဖွံ့ဖြိုးရေး မူဝါဒများကို ချမှတ်ကာ ဆက်စပ်ဌာနများနှင့်အတူ တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ ၄၂ လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြား နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ ၁၂၅လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**




သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဩဂုတ် ၇ ရက်တွင် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်းတွင်လည်းကောင်း၊ ဩဂုတ် ၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၁၀၅လမ်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြားတို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၁၁)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး ဩဂုတ် ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၁၁)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် ပြုလုပ်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက် သီးနှံများကို စိုက်ပျိုးခူးဆွတ် ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများ ပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၁၁)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကိုထောက်ပံ့ပေးအပ်ရာတွင် ကန်စွန်းရွက် ၃၂၀ စည်း၊ ခရမ်းသီး ၁၁၀ ထုပ်၊ ဖရုံညွန့် ၃၀၀ စည်း၊ ငရုတ်သီး ၆၂ ထုပ်၊ ဘူးသီး ၈၁ လုံး၊ ရွှေဖရုံသီး ၂၅ လုံး၊ ရုံးပတီသီး ၄၅ ထုပ်၊ ချဉ်ပေါင် ၁၁၀ စည်း၊ သင်္ဘောသီးစိမ်း ၄၆ လုံး၊ ကျောက်ဖရုံသီး နှစ်လုံး၊ ၄က်ပျော သီး ၁၃ ဖီး၊ ဒန့်သလွန်သီး ၁၁၅ စည်းတို့ကို စက်ရုံနှင့် မော်တော်ယာဉ်ဌာနရှိ ဝန်ထမ်း ၈၅၅ ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ ဦးတို့အား စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူး ဦးကျော်ဇာနည်လွင်နှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေ ထောက်ပံ့ ပေးအပ်ကြရာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀-၀-၀



### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၁၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၂၃ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ ( ခ ) အရ ဦးကျော်ထင် အား အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်
ဒုတိယပတ် - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဝန်ထမ်းများနေထိုင်သည့် Container House များ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရုံးအမှတ်(၂၃)ဝင်းအတွင်း၌ ဝန်ထမ်းများ ယာယီနေထိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသော Container House များတွင် နေထိုင်သည့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စနစ်တကျနေထိုင်ရန်၊ ယာယီနေထိုင်စဉ်ကာလအတွင်း ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ပူးပေါင်းဆောင်ရွက်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နေထိုင်ရန် မှာကြားပြီး ဝန်ထမ်းအိမ်ထောင်စု ၁၂၃ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှုန်းနှင့် ဆိုလာမီးအိမ်တစ်လုံးစီကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝန်ထမ်းနှင့်မိသားစုဝင်များ နေထိုင်မှုအခြေအနေ၊ ရေအိမ်ရေချိုးခန်းများ စနစ်တကျဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးများသွယ်တန်းထားရှိမှုနှင့် စားဖိုဆောင်များ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ ယာယီနေထိုင်ရန် Container House နှစ်ခန်းတွဲ ၁၆ လုံး၊ တစ်ခန်းတွဲ ၁၀၇ လုံး စုစုပေါင်း ၁၂၃ လုံး တည်ဆောက်ပေးထားကြောင်း သိရသည်။ သတင်းစဉ်

# မိုးရာသီ ဆီထွက်သီးနှံမြေပဲ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့

ကန့်ဘလူ ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၌ ပြည်တွင်းစားသုံးဆီဖူလုံလုံလောက်စေရေးအတွက် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီအတွင်း တောင်သူများ၏ လယ်ယာမြေများတွင် စိုက်ပျိုးထားသည့် ဆီထွက်သီးနှံဖြစ်သော မြေပဲ ၅၁၉၃၁ ဧကစိုက်ပျိုးနိုင်ခဲ့ကာ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်ရှိ တောင်သူများသည် မိုးသီးနှံမြေပဲကို သီးသန့်စိုက်ခင်းများဖြင့်လည်းကောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများနှင့်ရော၍ ပင်ကြား၊ တန်းကြားသီးညှပ်စိုက်ခင်းများဖြင့်လည်းကောင်း စိုက်ပျိုးထားရှိကြသည်။ မိုးသီးနှံမြေပဲကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအများအပြားတွင် ဇူလိုင်လအတွင်း စိုက်ပျိုးပြီးစီးခဲ့ပြီး အဆိုပါ မိုးသီးနှံများရိတ်သိမ်းပြီးချိန်တွင် ဆောင်းသီးနှံများကို ဆက်လက်စိုက်ပျိုးမည်ဖြစ်သည်။

မြေပဲသီးနှံစိုက်ခင်းများ စနစ်တကျစိုက်ပျိုးနိုင်ရေး ဒေသနှင့်ကိုက်ညီသည့် မြေပဲမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲနိုင်ရေးနှင့်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး တို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ကွင်းဝန်ထမ်းတာဝန်ရှိသူများက တောင်သူများနှင့်ပူးပေါင်း၍ နည်းပညာများ ကူညီပံ့ပိုးပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးခြင်းနှင့်သွင်းအားစုများ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကန့်ဘလူမြို့နယ်တွင် မိုးရာသီ ဆီထွက်သီးနှံမြေပဲကို ၅၁၅၈၆ ဧကလျာထားစိုက်ပျိုးရာ ၅၁၉၃၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ၃၄၅ ဧကပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ဆီထွက်သီးနှံမြေပဲအပြင် နှမ်း၊ နေကြာတို့ကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ဝ-ဝ-ဝ-ဝ-ဝ

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ မျိုးမင်းကြည်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန<br>အမျိုးသားစီမံကိန်း ဝန်ကြီးဌာန |
| (၂) ဒေါ်မြမြဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/**
**ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးနေလင်း အား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၆

မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

# ကူရွာကျေးရွာတွင် VRFP စီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေး

ညောင်ဦး ဩဂုတ် ၆

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကူရွာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VR-FP) ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား ၊ အသင်းသူများကို တွေ့ဆုံ၍ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း ရန်ပုံငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကူရွာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆၇ ဦးအား ပဉ္စမအကြိမ်မြောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ငွေကျပ် ၃၉ ဒသမ ၆ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးထံမှ သိရသည်။

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တရုတ် - မြန်မာ ချစ်ကြည်ရေးကျောင်းများသို့ ကျောင်းသုံးပစ္စည်းများလှူဒါန်း

နေပြည်တော် ဩဂုတ် ၆

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် China Foundation for Rural Development (CFRD) တို့က တရုတ် - မြန်မာ ချစ်ကြည်ရေးကျောင်းများ



သို့ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ၊ CFRD အဖွဲ့မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စမာကျားက ကျောင်းသုံးပစ္စည်းများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။(ဓါတ်ပုံ)

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကပြကြကာ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားပြီး တာဝန်ရှိသူများက အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးထံ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနား အပြီးတွင် ဒုတိယဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းများရှိ တရုတ်-မြန်မာ ချစ်ကြည်ရေး အားကစားကွင်းများ၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာဆော့ကစားနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

နေပြည်တော် ဩဂုတ် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများ



အား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၆ ကျောင်းအထိ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသဖြင့် ယနေ့တွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၄၀၀ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၆၇ ဦးတို့ကို ၄က်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးရန်လိုအပ်သည့် လူနာ ၁၂၉ ဦးတို့ကို ကာကွယ်ဆေး ထိုးနှံပေးသည်။ ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၇ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားတော်မူသည့် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား မဟာရံတံတိုင်းအတွင်းရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် မုခ်ဦးနှင့် ကျောက်စာ ဓမ္မစေတီတော်များ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၆**

ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားတော်မူခဲ့သည့် အောင်မြေသာစံမြို့နယ် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား မဟာရံတံတိုင်းအတွင်းရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် မုခ်ဦးနှင့် ကျောက်စာဓမ္မစေတီတော်များ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြ၍ ဆရာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အဖွဲ့က ဆရာတော်များထံ သင်္ကန်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် အလှူငွေများလှူဒါန်းခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလှူရှင် ဒေါက်တာနိုင်ထွဋ်အောင်နှင့်ဇနီး ဒေါက်တာဝေဝေရင်(ကွန်းခိုရာဖောင်ဒေးရှင်း) မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်(၄၅၀၀)သိန်းကို အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌထံသို့လည်းကောင်း၊ အလှူရှင်များဖြစ်သည့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးမိသားစုက အလှူငွေကျပ်သိန်း(၆၀)၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် ဇနီး မိသားစုက အလှူငွေကျပ်သိန်း(၃၀)၊ စီးပွားရေးရာဝန်ကြီးနှင့်ဇနီး မိသားစုက အလှူငွေကျပ်သိန်း(၂၀)၊ သယံဇာတရေးရာဝန်ကြီးက အလှူငွေကျပ်သိန်း(၅၀)၊ လူမှုရေးရာဝန်ကြီးနှင့်ဇနီး မိသားစုက အလှူငွေကျပ်သိန်း(၃၀)၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်ဇနီး မိသားစုက အလှူငွေကျပ်(၁၀)သိန်း၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့်ဇနီး မိသားစုက အလှူငွေကျပ်(၅)သိန်း၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့်ဇနီး မိသားစုက အလှူငွေကျပ်(၁၀)သိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်ဇနီး မိသားစုက အလှူငွေကျပ်သိန်း(၃၀)၊ ရန်ကုန်စတိုးနှင့် အေးရိပ်မွန်အော်ဂဲနစ် မိသားစုက အလှူငွေကျပ်သိန်း(၅၀)၊ ဇဝရတ်ရွှေပန်းထိမ်ရွှေဆိုင်မိသားစုက အလှူငွေကျပ်(၃၅)သိန်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်(၂)မိသားစုက အလှူငွေကျပ်(၂၅)သိန်း၊ KT ဆောက်လုပ်ရေးနှင့် ဒေါ်သီသနပ်ခါး မိသားစုတို့က အလှူငွေကျပ်(၁၅)သိန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များနှင့် အလှူရှင်များမှ လှူဒါန်းငွေများကို လှူဒါန်းရာ မဟာလောကမာရဇိန်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီးနောက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေသဝထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာယူကြ၍ ရေစက်သွန်းချ အမျှအတန်းပေးဝေပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ယနေ့လှူဒါန်းမှုတွင် အလှူရှင်များက လှူဒါန်းငွေ စုစုပေါင်းကျပ်(၄၉၈၅)သိန်း လှူဒါန်းခဲ့ကြောင်းနှင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခြင်းခံရပြီး ကမ္ဘာ့အကြီးဆုံး စာအုပ်အဖြစ် လူသိများ ထင်ရှားသော မဟာလောကမာရဇိန်စေတီကုသိုလ်တော်မြတ်စွာဘုရား မဟာရံတံတိုင်းအတွင်း ဗုဒ္ဓပိဋကတ်တော်များ(သုတ္တန်၊ ဝိနယ၊အဘိဓမ္မာ)ကို ကျောက်ထက်အက္ခရာတင်ထားသည့် ကျောက်စာချပ်ပေါင်း(၇၂၉)ချပ် ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)













သတင်း-စာမျက်နှာ ၅
























သတင်း-စာမျက်နှာ ၅















# ကလေးသူငယ်များ သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့လျှင် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၆**

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ ရပ်ကွက်ရှိ အမှတ်(၁၄)အခြေခံ ပညာအထက်တန်းကျောင်းတွင် ယနေ့ နံနက်ပိုင်းက မြန်မာ နိုင်ငံမီးသတ်တပ်ဖွဲ့မှ ကလေး သူငယ်များသဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက တုံ့ပြန်ဆောင် ရွက်နိုင်ရန်အတွက် အသိပညာ ပေး အခမ်းအနားကို ကျင်းပ သည်။

အသိပညာပေး အခမ်း အနားအား မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့ မဟာအောင်မြေခရိုင် မီးသတ်ဦးစီးဌာနမှ ဦးစီးပြီး မန္တလေး (၆)မြို့နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီး သတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်အုပ်ချုပ် ရေးယာဉ်ခုနှစ်စီး၊ မီးသတ်ယာဉ် နှစ်စီးတို့ပါဝင်ကြောင်း၊ အဆိုပါ မီးသတ်ယာဉ်များ၏ အသုံးပြုပုံ များကို ကျောင်းသူ၊ ကျောင်းသား များအား ပြသခြင်းအပြင် သဘာဝ ဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် အစီအမံများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်ပုံအဆင့်ဆင့်၊ စာတွေ့၊ လက်တွေ့သရုပ်ပြပုံများအား ရှင်း လင်းပြောကြားခြင်းတို့ကို ဆောင် ရွက်ခဲ့သည်။

'ကလေးသူငယ်တွေကို မီးဘေးအန္တရာယ်၊ သဘာဝဘေး အန္တရာယ်ကြုံတွေ့လာခဲ့ရင် ဘယ် လိုရင်ဆိုင်ရမလဲဆိုတာကို လက် တွေ့၊ စာတွေ့ သရုပ်ပြတာတွေကို လုပ်ဆောင်ပေးတာဖြစ်ပါတယ်၊ ဒါမျိုးအသိပညာပေးမှုတွေကို ကျောင်းတွေမှာ လိုက်လံလုပ် ဆောင်သွားဖို့လည်း စီစဉ်နေပါ တယ်'ဟု မဟာအောင်မြေခရိုင် မီးသတ်ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ကိုကို က ပြောသည်။

အခမ်းအနားတွင် မြန်မာ နိုင်ငံမီးသတ်တပ်ဖွဲ့၊ မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်ပညာရေးမှူး၊ နယ်မြေခံရဲ တပ်ဖွဲ့နှင့် အမှတ်(၁၄)အခြေခံ ပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ ကြကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-စ)**

၀-၀-၀-၀-၀



**လျှပ်စစ်သုံးလျှင်**
**သတိယှဉ်**
**ဝန်အားမမျှ မသုံးရ။**

# ရေကန်ကြီး သုံးကန်ကို အများကောင်းမှုဖြင့် ဆောက်လုပ်လှူဒါန်းသွားမည်

**မန္တလေး ဩဂုတ် ၆**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ အောင်ပင်လယ်စောမွန် လှ သစ္စာအဓိဋ္ဌာန်အောင် ဆု တောင်းပြည့်မြတဘက်နဂါးကိုး ကောင်ဘုရား စောမွန်လှပေါ်တော် မူ ဘုန်တော်ကြီးသင်ပညာရေး ကျောင်းတွင် စောမွန်လှရေကန် ကြီး သုံးကန်ကို အများကောင်း မှုဖြင့် ဆောက်လုပ်လှူဒါန်းသွား မည်ဖြစ်သည်။

အဆိုပါ ရေကန်ကြီးသည် မြတဘက်ဘုရား ပရိဝုဏ် အတွင်းရှိ သီတင်းသုံးနေထိုင် တော်မူလျက်ရှိကြသော သံဃာ တော်များ၊ ရှင်သာမဏေများ၊ သီ လရှင်ဆရာကြီး၊ ဆရာလေးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ရှစ်ရာကျော်တို့နှင့် ဝေယျာဝစ္စဆောင်ရွက်သူများ၊ ခုနှစ်ရက်သား၊ သမီးများ သောက် ရေ၊ သုံးရေအတွက် ဆောက်လုပ် လှူဒါန်းခြင်းဖြစ်ကြောင်း ကျောင်း အကျိုးတော်ဆောင်အဖွဲ့ထံမှ သိ ရသည်။

အဆိုပါ စောမွန်လှရေကန် တော်ကြီး ဖြစ်မြောက်အောင်မြင် ရေးအတွက် ဆက်သွယ်လှူဒါန်း လိုကြသော အလှူရှင်ဒါယကာ၊ ဒါယိကာမများ၊ ပဋ္ဌာန်းဆက်ဆွေ တော်မျိုးတော်များအနေဖြင့် အကျိုးတော်ဆောင် ဆရာလေး သစ္စန(ဖုန်း ၀၉-၄၀၂၅၇၆၄၉၉) နှင့် အကျိုးတော်ဆောင် ဆရာမ အေးစုမွန်(ဖုန်း ၀၉-၄၀၂၅၉၈၃၅ ၁)တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ




**မန္တလေး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ လက်ခံတွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် အပိုင်းများ၌ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆောင်ရွက်နေသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် DAGUN International School ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်







**မန္တလေး ဩဂုတ် ၆**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ ရေတာခွန်တောင်စီးတီးတွင် DAGUN International School ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ DAGUN International School တည်ထောင်အုပ်ချုပ်သူနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍လည်းကောင်း DAGUN International School ကို ဖွင့်လှစ်ပေးပြီးနောက် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)







## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်

**တာချီလိတ် ဩဂုတ် ၆**

ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာများရရှိစေရေးတို့အတွက် အခြေခံအကျဆုံးဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လေ့လာနိုင်ရန်နှင့် သိရှိလိုက်နာစေရန်ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိညာပေးဟောပြောပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက ဝမ်ကောင်းရပ်ကွက်ရှိ ရွှေမဟာ-၂ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တာချီလိတ်) တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အေးမင်းအောင်၊ ရဲအုပ်နိုင်လင်းထွန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ရွှေမဟာ-၂ ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်နွယ်၊ ဆရာ၊ ဆရာမများနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူ ၂၂၈ ဦးတို့အား ဆိုင်ကယ်စီးလျှင် နှစ်ဦးထက်မပိုရန်၊ ဆိုင်ကယ်ဦးထုပ်များ ဆောင်းရန်၊ ဆူညံအိတ်ဇောတပ်၍ မောင်းနှင်ခြင်းနှင့် အရှိန်ပြင်းစွာ မောင်းနှင်ခြင်း မပြုရန်စသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စည်းကမ်းချက်များ၊ တာချီလိတ်မြို့၌ ယာဉ်တိုက်မှု ဖြစ်စဉ်များတွင် အရေးယူဆောင်ရွက်ထားရှိသည့် ဖြစ်စဉ်များကို ပါဝါပွိုင့်ဖြင့် အသိပညာပေး ဟောပြောဆောင်ရွက်ပြီး ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ကျော်စေယျာလင်း(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## အားခေရှာ၌ နေအိမ်တစ်လုံးမီးလောင်

**တာချီလိတ် ဩဂုတ် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ အားခေရှာ၌ ယာယီသွယ်တန်းထားသော မီးပလပ်ခုံ အပူလွန်ကဲရာမှ ဩဂုတ် ၄ ရက် နံနက်ပိုင်းက နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးငြိမ်းထက်အောင် ဦးစီးတပ်ဖွဲ့ဝင် ၂၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦးတို့က ခရိုင်မီးသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် တစ်စီး၊ စုစုပေါင်း ငါးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် နေအိမ်အား မီးငြိမ်းသတ်နိုင်ခဲ့သည်။ **(အောက်ပုံ)**



မီးလောင်မှုဖြစ်စဉ်ကြောင့် ပေ ၄၀×၂၀ ရှိ သွပ်မိုးထရံကာ တစ်ထပ်၊ ပေ ၃၀ ပတ်လည် သွပ်မိုးထရံကာ တစ်ထပ် မီးလောင်ခဲ့ပြီး မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းခဲ့မှုနှင့်ပတ်သက်၍ အိမ်ရှင်အား တာချီလိတ် မြို့မရဲစခန်းက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်စေယျာလင်း(ပြန်/ဆက်)**



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က လားရှိုးမြို့၊ အမှတ်(၉)ရပ်ကွက်၊ အင်ကြင်းလမ်းနေ ပြည့်ဖြိုးမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၀၀ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပြည့်ဖြိုးမောင် (၃၄) နှစ်အား လားရှိုးနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဩဂုတ် ၅ ရက် ည ၇နာရီ ၄၅ မိနစ်က တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ ခွန်အောင်လွင်(ခ)အောင်လွင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၂၀၀ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ခွန်အောင်လွင် (ခ)အောင်လွင် (၅၅)နှစ်အား တောင်ကြီးနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း၊
ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

## တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဆင်းရွှေလီလမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း နှစ်မျိုးကိုလည်းကောင်း၊ မြဝတီမြို့ အမှတ်(၃) ရပ်ကွက်၊ စစ်မှုထမ်းဟောင်းလမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မုံရွာမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၅မျိုး၊ လူသုံးကုန်ပစ္စည်း ခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်း ခြောက်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီးကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux Pick Up တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# သက်တမ်းရှည်အပင်ကြီးများအား မြမာလာဥယျာဉ်အတွင်း၌ ရွှေ့ပြောင်းစိုက်ပျိုးပွဲ အခမ်းအနား ကျင်းပ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်တို့ တက်ရောက်စိုက်ပျိုးပေး





**မန္တလေး ဩဂုတ် ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းများကို စီမံချက်များချမှတ်၍ စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် မြို့တော်ကြီးအား (Green City) စိမ်းလန်းသော ဥယျာဉ်မြို့တော်ဖြစ်လာစေရေး ရည်မှန်းချက်ဖြင့် ကော်မတီနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် ရပ်ကွက်အလိုက်၊ လမ်းအလိုက် အရိပ်ရပင်များ၊ ပန်းအလှပင်များကို ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဝန်ထမ်းများဖြင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီအတွင်း မြို့တွင်းရှိ လမ်းဘေးဝဲယာတွင် သာယာလှပရေးနှင့် (Green City) ဖြစ်စေရန် လစဉ် စီမံချက်ချမှတ်၍ အရိပ်ရပင် ၁၅၀၀၀၊ ပန်းအလှပင် ၅၀၀၀ စုစုပေါင်း အပင် ၂၀၀၀၀ ကို စိုက်ပျိုးပြီးဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့ပြဖွံ့ဖြိုးရေးအတွက် ကော်မတီနယ်မြေအတွင်းရှိ လမ်းများတိုးချဲ့ခြင်း၊ လမ်းသစ်များဖောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရာ၌ လမ်းလုပ်ငန်းခွင်နှင့် မလွတ်ကင်းသည့် သစ်ပင်ကြီးများကို ယခင်က အလွယ်တကူခုတ်လှဲဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သော်လည်း ယခုအခါ အပင်ကြီးများကို စက်ယန္တရားနှင့် လူအင်အားအသုံးပြု၍ တူးဖော်ဆယ်တင်ပြီး အောက်ခြေအမြစ်များ၏ မြေလုံးများမကွဲအောင် စနစ်တကျထုပ်ပိုးကာ ပြန်လည်ပြုစုပြီး သင့်တော်သည့်နေရာများ၌ အပင်လိုက် ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် မြေနေရာကျယ်ဝန်းပြီး ရေကောင်းစွာရရှိနိုင်သည့် ချမ်းမြသာစည်မြို့နယ်၊ ၁၀၁လမ်း(သိပ္ပံလမ်း)ထောင့် ဆင်ဖြူကန်အတွင်းရှိ "မြမာလာဥယျာဉ်"၌ အပင်ကြီးများကို ရွှေ့ပြောင်းနေရာချ စိုက်ပျိုးထားရှိသည်။

ယနေ့ နံနက်ပိုင်းက ဖော်ပြပါလမ်းလုပ်ငန်းခွင်အသီးသီးတို့မှ လုပ်ငန်းခွင်နှင့် မလွတ်ကင်းသည့် နှစ် ၂၀ သက်တမ်းရှိ စိန်ပန်းပင်ကြီး ငါးပင်၊ ၁၅ နှစ် သက်တမ်းရှိ မယ်ဇယ်ပင် သုံးပင်၊ ခြောက်နှစ်သက်တမ်းရှိ တယ်ပင် ခြောက်ပင်၊ စုစုပေါင်း သက်တမ်းရှည်အပင်ကြီး ၁၄ ပင်အား စနစ်တကျ တူးဖော်ဆယ်တင်ပြီး ချမ်းမြသာစည်မြို့နယ်၊ မြမာလာဥယျာဉ်အတွင်း၌ အပင်လိုက် ရွှေ့ပြောင်းစိုက်ပျိုးပွဲ အခမ်းအနားကို ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်တို့ တက်ရောက်စိုက်ပျိုးပေးကြသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်း စိုက်ပျိုးပေးခဲ့ကြသည်။

အပင်ကြီးများ ရွှေ့ပြောင်းစိုက်ပျိုးမှုနှင့်အတူ မြမာလာဥယျာဉ်အဝင်လမ်းဘေးဝဲ၊ ယာ၌ ခရေပင် ၆၂ ပင်ကိုလည်း ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန လုပ်သားဝန်ထမ်းများက စိုက်ပျိုးပေးခဲ့ကြပြီး မြို့တော်ဝန်၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးမှူးရုံး ဝန်ထမ်းများအား ပဲဆီသန့်များ လှူဒါန်း

**မန္တလေး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးမှူးရုံးရှိ ငလျင်ဒဏ်သင့်ဝန်ထမ်းများအား မန္တလေးတိုင်းဒေသကြီး ဆီစက်ပိုင်ရှင်များအသင်းမှ ပဲဆီသန့်များ ထောက်ပံ့လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး ဆီစက်လုပ်ငန်းရှင်များအသင်း၏ လုပ်ငန်းစဉ်များအပေါ်တွင် မသမာမှု၊ အလွဲသုံးစားပြုလုပ်မှုများ မပေါ်ပေါက်စေရေးနှင့် ဒေသတွင်း ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး၊ အသင်းအနေဖြင့်လည်း ဌာန၏ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမှုများအပေါ် ကျေးဇူးတင်ရှိသည့်အနေဖြင့် ငလျင်ဒဏ်သင့် ဝန်ထမ်းများအတွက် တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့မှုဖြစ်စေရေး ယခုကဲ့သို့ လှူဒါန်းထောက်ပံ့ပေးခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စားသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




ဆီစက်လုပ်ငန်းရှင်များအသင်းနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ ဒေသတွင်းဆီစက်လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၅)**



## မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်ရုံး ဆိုင်းဘုတ်တင်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၆**

မန္တလေး၊ အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံကျေးရွာတွင် ယနေ့ နံနက် ၁၀ နာရီက မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်ရုံးဆိုင်းဘုတ်တင်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း ဗဟိုကော်မတီဝင် ဦးယဉ်ထွေး၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း မန္တလေးတိုင်းဒေသကြီး ယာယီဥက္ကဋ္ဌ ဦးရဲလတ်၊ ဒေါ်နန်းခမ်းရင်၊ ဦးတင့်ဆွေ၊ ဒေါ်ဝင်းငွေ၊ ဒေါ်မိုးစန္ဒာ၊ ဦးဝင်းကျော်နှင့် အသင်းသူ၊ အသင်းသားများ၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း အမရပူရခရိုင် ယာယီဥက္ကဋ္ဌ ဦးကျော်ရီ၊ ဒေါ်စိုးစိုးနှင့် အသင်းသူ၊ အသင်းသားများ၊ အဖွဲ့ဝင်များ၊ အမရပူရမြို့နယ်မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်သော မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်က အမရပူရခရိုင်အတွင်းရှိ အိမ်ခြံမြေအကျိုးတော်ဆောင်များ ဘဝတိုးတက်လာစေရန် ဆောင်ရွက်ပေးမည်ဖြစ်ပြီး အမရပူရမြို့နယ်မှ အသင်းဝင်လိုသူများအနေဖြင့်လည်း အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံကျေးရွာရှိ အမရပူရခရိုင်အသင်းရုံးမှ တာဝန်ရှိသူများထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၁)**

**ဥတုရာသီ တောကို မှီ၏ ။**




## လုခ်ဒီဂျောင် ပေါ်တိုအသင်းတွင် ကျောနံပါတ်(၂၆) ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၆**

ဝါရင့် တိုက်စစ်မှူး လုခ်ဒီဂျောင်သည် ပေါ်တိုအသင်းတွင် ကျောနံပါတ်(၂၆)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ဝါရင့်တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် ပီအက်စ်ဗွီအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် ပေါ်တိုအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။ **(ယာပုံ)**

ဝါရင့်တိုက်စစ်မှူး လုခ်ဒီဂျောင်သည် ပီအက်စ်ဗွီအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၄ပွဲကစားပြီး ၇၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပေါ်တိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ လုခ်ဒီဂျောင်က "ကျွန်တော် ပေါ်တိုအသင်းမှာ ကျောနံပါတ်(၂၆) ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းကို ရလဒ်ကောင်းတွေ ရရှိအောင်လည်း အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**





## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအကုန်တွင် ကစားသမားဘဝမှ အနားယူတော့မည်ဟု ကာဇိုလာ အတည်ပြုပြောကြား

**လန်ဒန် ဩဂုတ် ၆**

ရီးရဲလ်အိုဗီယာဒိုအသင်းတွင် ကစားနေသည့် ဝါရင့် ကွင်းလယ်ကစားသမား ကာဇိုလာက မိမိအနေဖြင့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအကုန်တွင် ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက်(၄၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အသက်အရွယ်ပိုင်းအားဖြင့် ရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသည့်အပြင် ရီးရဲလ်အိုဗီယာဒိုအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၁ပွဲ ကစားကာ ခြေစွမ်းပြထားသည်။

ထို့ပြင် ကာဇိုလာသည် ကစားသမားဘဝတစ်လျှောက်တွင်လည်း ဗီလာရီးရဲလ်၊ အာဆင်နယ်၊ မာလာဂါစသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်လည်း ကစားပြီးခြေစွမ်းပြနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

ကာဇိုလာက "ဒီရာသီက ကျွန်တော်ကစားသမားဘဝ နောက်ဆုံးရာသီဖြစ်လာနိုင်ပါတယ်။ ဒီရာသီကုန်ရင်တော့ ကစားသမားဘဝကနေ အနားယူတော့မှာပါ။ ကျွန်တော်ကလပ်အသင်းပေါင်းများစွာအတွက်လည်း ကစားခဲ့ပြီးပါပြီ"ဟု ပြောသည်။ **(NGB)**

## ခွန်ဒီ ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဩဂုတ် ၆**

ဘာစီလိုနာအသင်းသည် အသင်းနောက်ခံကစားသမား ခွန်ဒီအား ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဘာစီလိုနာအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ခွန်ဒီသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၁ ပွဲကစားပြီး ၇ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားပြီး အောင်မြင်မှုများ ရယူပေးနိုင်ခဲ့သည်။ **(အောက်ပုံ)**

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမား ခွန်ဒီအနေဖြင့် မကြာမီ စတင်တော့မည့် ဘောလုံးရာသီသစ်တွင်လည်း ဘာစီလိုနာအသင်းနှင့်အတူ အောင်မြင်မှုများစွာ ရယူသွားနိုင်ဦးမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Alexander Zverev တက်ရောက်

**လန်ဒန် ဩဂုတ် ၆**

ကနေဒါနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တက်ရောက်ခဲ့သည်။

အဆိုပါ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev သည် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဩစတြေးလျ တင်းနစ်ကစားသမား Alexei Popyrin ကို ၆-၇၊ ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev နှင့် ရုရှားတင်းနစ်ကစားသမား Karen Khachanov တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**



## ရိုဒရီ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု မန်ချက်စတာစီးတီးအသင်း အတည်ပြု

**မန်ချက်စတာ ဩဂုတ် ၆**

ကွင်းလယ်ကစားသမား ရိုဒရီ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု မန်ချက်စတာစီးတီးအသင်းက အတည်ပြုခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း မန်ချက်စတာစီးတီးအသင်းက ပယ်ချခဲ့သည်။

ကွင်းလယ်ကစားသမား ရိုဒရီသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆၅ပွဲကစားကာ ၂၆ဂိုးအထိ သွင်းယူထားသည်။

မန်ချက်စတာစီးတီးအသင်း ထုတ်ပြန်ချက်တွင် "ရိုဒရီအသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။ **(ယာပုံ)** **(NGB)**



## ဂျရေမီယက်ကေးကို ခေါ်ယူရန် အာဆင်နယ်အသင်းစိတ်ဝင်စား

**လန်ဒန် ဩဂုတ် ၆**

အာဆင်နယ်အသင်းသည် ရင်းနက်စ်အသင်း နောက်ခံကစားသမား ဂျရေမီယက်ကေးကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ရင်းနက်စ်အသင်းနှင့်အတူ ပြင်သစ်လီဂူးပွဲစဉ် ၁၁ ပွဲ ပါဝင်ကစားပြီး ခြေစွမ်းပြနိုင်ခဲ့သည့်အပြင် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။ **(အောက်ပုံ)**

ရင်းနက်စ်အသင်းကလည်း ဂျရေမီယက်ကေးအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ရင်းနက်စ်အသင်းထံမှ ဂျရေမီယက်ကေးကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## အီဗန်ဂတ်စ်ဆန့်ကို ခေါ်ယူရန် အက်စတွန်ဗီလာအသင်း သဘောတူညီမှုရရှိ



**လန်ဒန် ဩဂုတ် ၆**

အက်စတွန်ဗီလာအသင်းသည် နိုက်စ်အသင်းတိုက်စစ်မှူး အီဗန်ဂတ်စ်ဆန့်ကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ယခုရက်ပိုင်းအတွင်း အက်စတွန်ဗီလာအသင်းနှင့် လာရောက်ပူးပေါင်းကာ စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

တိုက်စစ်မှူး အီဗန်ဂတ်စ်ဆန့်သည် နိုက်စ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၁ပွဲကစားပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

အက်စတွန်ဗီလာအသင်းသည် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်များ ထပ်မံခေါ်ယူသွားဦးမည်ဖြစ်သည်။ **(NGB)**

## တိုင်လာမော်တန်ကို လိုင်ယွန်အသင်း ခေါ်ယူ

**ပါရီ ဩဂုတ် ၆**

လိုင်ယွန်အသင်းသည် လီဗာပူးအသင်း ကွင်းလယ်ကစားသမား တိုင်လာမော်တန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၅သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(ဝဲပုံ)**



အသက်(၂၂)နှစ်အရွယ်ရှိ တိုင်လာမော်တန်သည် လီဗာပူးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့် မရရှိခြင်းကြောင့် ပုံမှန်ပွဲထွက်ခွင့် သေချာစေမည့် လိုင်ယွန်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

လိုင်ယွန်အသင်းထုတ်ပြန်ချက်တွင် "တိုင်လာမော်တန်ကို ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကိုများစွာ အကျိုးပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။

လိုင်ယွန်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(NGB)**

### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၇-၈-၂၀၂၅ ကြာသပတေးနေ့ | ညသန်းခေါင် ၁၁:၀၀ နာရီ | ဘိုင်ယန်မြူးနစ်(ဂျာမနီ) – စပါး(အင်္ဂလန်) |

### အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ(အုပ်စု-ခ)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၇-၈-၂၀၂၅ ကြာသပတေးနေ့ | ညနေ ၄:၃၀ နာရီ | မြန်မာ – ဩစတြေးလျ |
| ။ | ။ | ဖိလစ်ပိုင် – တီမော |



## ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဆင်းပွဲ ကျင်းပ

**ကျိုင်းတုံ ဩဂုတ် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ကျိုင်းတုံတက္ကသိုလ် ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း ကျင်းပသည့် ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဆင်းပွဲကို ယမန်နေ့က ကျိုင်းတုံတက္ကသိုလ် ခေမရဋ္ဌခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကျိုင်းတုံတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာဖြူဖြူမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းငွေက သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျိုင်းတုံတက္ကသိုလ် ခေတ္တပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များပေးအပ်ခြင်း၊ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ခြင်းနှင့် သင်တန်းအတွက် ပါဝင်လှူဒါန်းခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အဆိုပါ ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းကို ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ကျိုင်းတုံတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် စီမံဝန်ထမ်းများ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၉၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သရက်ပြင်ပြုလုပ်နည်းသင်တန်း ဖွင့်လှစ်

**ရပ်စောက် ဩဂုတ် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအုပ်စု၊ စမ်းရေဦးကျေးရွာ၌ ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သရက်ပြင်ပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အမှာစကားပြောကြားပြီး သင်တန်းသားများနှင့် တွေ့ဆုံစကားပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းကြူက သရက်သီးကိုအခြေခံ၍ ယိုများ၊ မုန့်များနှင့် ဆက်စပ်စားသောက်ကုန်များ ပြုလုပ်နည်းများကို ဩဂုတ် ၄ ရက်မှ ၈ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၃၆၈)**

*–*–*–*

*–*–*–*–*–*



## စာပတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၆**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းသင်ခန်းစာများအပြင် ပြင်ပစာပေကောင်းများ ဖတ်ရှုလေ့လာသိရှိခြင်းဖြင့် အသိပညာဗဟုသုတများ တိုးတက်ပြီး ဗလငါးတန်နှင့်ပြည့်စုံကြွယ်ဝသည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရန်ရည်ရွယ်၍ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၉နာရီခွဲက အခြေခံပညာအလယ်တန်းကျောင်းခွဲ(အ.လ.က-ကဍ)တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နေ့စဉ်စာဖတ်ရာ၌ သုတ၊ ရသပညာရပ်ပေါင်းစုံကို ဖတ်ရှုလေ့လာကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။



အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅၀ ဦး တက်ရောက်ခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များအား စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(မိဿနိုးမြေ)**

*–*–*–*–*–*

## ၂၂လမ်းရှိ ခြင်္သေ့ကြီးနှစ်ကောင်အား ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေးစတင်ဆောင်ရွက်

**မန္တလေး ဩဂုတ် ၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၂လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြား၊ အင်းဘဲရပ်ရှိ နှစ်သက်တမ်း ၁၆၀ ကျော်ရှိ ရှေးဟောင်း ခြင်္သေ့ကြီးနှစ်ကောင်သည် မတ်၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းမန္တလေးငလျင်ဒဏ်ကြောင့်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ရှေးဟောင်းသမိုင်းဝင်ခြင်္သေ့ကြီးနှစ်ကောင်အား ရှေးမူမပျက် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ရွှေအံတော်ဘုရား ဂေါပကအဖွဲ့နှင့် တိုးမြင့်မိုရ်ဦးကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ ယဉ်ကျေးမှုမြို့ပြပုံရိပ်များကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသော တိုးမြင့်မိုရ်ဦးကုမ္ပဏီမှ ရှေးဟောင်းသမိုင်းဝင် နှစ်သက်တမ်း ၁၆၀ ကျော်ရှိ ခြင်္သေ့ကြီးနှစ်ကောင်အား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်ခြင်းကို ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီက ၂၂ လမ်း၊ အင်းဘဲရပ်ရှိ ရွှေအံတော်ဘုရား ဗိမာန်တော်ရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် တိုးမြင့်မိုရ်ဦးကုမ္ပဏီဥက္ကဋ္ဌ ဦးတိုးမြင့်အောင်၊ မြို့တွင်းသယ်ယူပို့ဆောင်ရေးယာဉ်လိုင်းများ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းအောင်၊ အမိဌာန်အောင်ရွှေအံတော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးငွေးကြွယ်နှင့်အမှုဆောင်များ၊ ရပ်မိ ရပ်ဖများ၊ တိုးမြင့်မိုရ်ဦးကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ဝ၄၅)**

## လူငယ်စာဖတ်ဝိုင်းနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်စာဖတ်ဝိုင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲများ၊ သုတရသစာအုပ်၊ စာစောင်ပြပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က လူငယ်စာဖတ်ဝိုင်းများ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ လူငယ်စာဖတ်ဝိုင်းသို့ တက်ရောက်လာသည့် အ.ထ.က (ခွဲ)လ-၂၅ကျောင်းမှ ကျောင်းသူ ၁၆ဦးက ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုများချီးမြှင့်ခဲ့သည်။

**(အောက်ဝဲပုံ)**



ဆက်လက်၍ အထ.က(ခွဲ) လ-၂၅ကျောင်းမှ ကျောင်းသူလေးများက ခင်းကျင်းပြသထားသော သုတရသစာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စင်မင်းမောင်**

*–*–*–*–*–*



သစ်တော သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

# အသေးစားကုန်ထုတ်လုပ်ငန်းများ ပန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးတက်ရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ



**မကွေး ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ် စုပေါင်းရုံးအစည်းဝေးခန်းမတွင် ဩဂုတ် ၅ ရက် နံနက်ပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးတင့်လွင်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ မကွေးတိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်များနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် သင်တန်းများတွင် တက်ရောက်ကြသည့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် တိုင်းအတွင်းရေးမှူးတို့က ထူးချွန်သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးတို့အား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းသစ်ထူထောင်ကြမည့် ထူးချွန်သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်နိုင်မင်း(ပြန်ဆက်)**

*–*–*–*–*–*



## မန္တလေးတက္ကသိုလ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**မန္တလေး ဩဂုတ် ၆**

မန္တလေးတက္ကသိုလ်စီးပွားရေးပညာဌာန၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အဆိုပါဌာန၌ ဩဂုတ် ၅ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတက္ကသိုလ် သင်တန်းရေးရာ(ဌာနမှူး)ဦးဇော်လင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာသီတာအောင်က ကျောင်းသား၊ ကျောင်းသူများ လောင်းကစားမှု၊ လိမ်လည်မှုနှင့်အင်တာနက်အွန်လိုင်းအသုံးပြု၍ ဆိုက်ဘာလုံခြုံရေးဆိုင်ရာများ သတိပြုဆင်ခြင်နိုင်စေရန်ရည်ရွယ်၍ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မဲခေါင်-လန်ချန်းတရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (LMLECC) မှပေးပို့လာသည့် ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး Video Clip (၁)နှင့် (၂)ကို ပြသခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ဥပဒေပညာဌာနပါမောက္ခ(ဌာနမှူး) က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနပါမောက္ခ(ဌာနမှူး)၊ သင်တန်းရေးရာ(ဌာနမှူး)ဆရာ ဦးဇော်လင်းထွန်း၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝ၅၆)**

*–*–*–*–*–*



## ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

**မြို့သစ် ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ပေပင်ရိုး-ပုဂံမျှော် (တောင်တွင်းကြီး-မြို့သစ်-နတ်မောက်)လမ်းအား ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၅ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံအင်ဂျင်နီယာ(မြို့ပြ) ဒေါ်လဲ့လဲ့ခိုင်နှင့် တာဝန်ရှိသူများက ပေပင်ရိုး-ပုဂံမျှော်(တောင်တွင်းကြီး-မြို့သစ်-နတ်မောက်) လမ်းအား ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ (မြို့ပြ)က ပေပင်ရိုးကျေးရွာနှင့် ပုဂံမျှော်ကျေးရွာမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းအား ရေရှည်တည်တံ့စေရေး ကျေးရွာမှပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားခဲ့သည်။

အဆိုပါ အရှည်ပေ ၁ မိုင်၊ အကျယ် ၁၈ပေ၊ အမြင့် ၈လက်မရှိ ပေပင်ရိုး-ပုဂံမျှော်(တောင်တွင်းကြီး-မြို့သစ်-နတ်မောက်)လမ်းအား ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၇၆သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ်ဇွန်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နေဘ်လူး**

## ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**သရက် ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူမှုဝန်ထမ်းဦးစီးဌာန သရက်မူလတန်းကြိုကျောင်းတွင် ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ဗီတာမင်အေ တိုက်ကျွေးခြင်းကို ယမန်နေ့ မွန်းလွဲ ၂နာရီက ဆောင်ရွက်ခဲ့ရာ သရက်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များတက်ရောက် အားပေးခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးဟောပြောပွဲတွင် သားဖွားဆရာမ ဒေါ်မြင့်မြင့်ဝေက မူကြိုကလေးငယ်များအား ဗီတာမင်အေ တိုက်ကျွေးခြင်းနှင့် အရပ်တိုင်းတာခြင်း၊ ကိုယ်အလေးချိန်ချိန်ခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ဗီတာမင်အစုံအလင် ပါဝင်သော အစားအစာစားသုံးခြင်း၏ အကျိုးကျေးဇူးများကို ပြောကြားခဲ့သည်။

ထိုသို့ ဗီတာမင်အေ တိုက်ကျွေးခြင်းနှင့် အရပ်တိုင်းတာခြင်း ဆောင်ရွက်ပေးနေမှုအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကြည့်ရှုအားပေးခဲ့ကြပြီး အာဟာရအဖြစ် ကြက်သားဆန်ပြုတ်တိုက်ကျွေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

**စော်ထက်(သရက်)**



## သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပခုက္ကူ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ ခြင်မှတစ်ဆင့် ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ ဩဂုတ် ၅ ရက် နံနက်ပိုင်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ ပူးပေါင်း၍ ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် ပိုးလောက်လမ်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ရေတွင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို အိမ်ထောင်စုများအလိုက် တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**(၃၄၀)**

# ဟီရိုရှီးမားမြို့ အဏုမြူဗုံးကြဲချခံခဲ့ရသည့် နှစ် (၈၀) ပြည့် အောက်မေ့ဖွယ်ရာ နှစ်ပတ်လည်အခမ်းအနား ကျင်းပ



တိုကျို ဩဂုတ် ၆

ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ကို အဏုမြူဗုံးကြဲချခံခဲ့ရသည့် နှစ် (၈၀) ပြည့် အောက်မေ့ဖွယ်ရာ နှစ်ပတ်လည် အခမ်းအနားကို ယနေ့ ကျင်းပခဲ့သည်။

အဆိုပါနှစ်ပတ်လည်အခမ်းအနားကို ဟီရိုရှီးမား ငြိမ်းချမ်းရေးအထိမ်းအမှတ်ပန်းခြံ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် ဗြိတိန်ကဲ့သို့သော နျူကလီးယား အင်အားကြီးနိုင်ငံများအပါအဝင် နိုင်ငံနှင့်ဒေသပေါင်း ၁၂၀ မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဂျပန်ဝန်ကြီးချုပ် အီရှီဘာနှင့် တက်ရောက်လာသူများက သေဆုံးသူများအား အောက်မေ့သတိရသည့် အနေဖြင့် ခေတ္တမျှငြိမ်သက်ခဲ့သည်။ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စု အလံများလွှင့်ထူကာ ငြိမ်းချမ်းရေးအတွက် တောင်းဆုပြုခဲ့ကြသည်။

အဏုမြူဗုံးဒဏ်ခံရသူများစာရင်းကို ပန်းခြံရှိ အထိမ်းအမှတ်ကျောက်တိုင်၌ ရေးထိုးထားသည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် အမေရိကန် B-29 ဗုံးကြဲလေယာဉ်များက ဟီရိုရှီးမားမြို့ကို ဗုံးကြဲခဲ့ပြီး ဩဂုတ် ၉ ရက်တွင် နာဂါဆာကီမြို့ကို ဗုံးကြဲခဲ့သည်။

အဏုမြူဗုံးဒဏ်မှ အသက်ရှင်လွတ်မြောက်လာသူများအဖွဲ့ နီဟွန် ဟီဒန်ကျိုက ယမန်နှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ရရှိခဲ့သည်။ အဆိုပါဆုသည် ကမ္ဘာ့နျူကလီးယားဖျက်သိမ်းရေးလှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် အရှိန်အဟုန်မြှင့်တင်ပေးနိုင်မည်ဟု မျှော်လင့်ရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

## ဒေါ်လာ ၂၉ ဘီလီယံ (ပေါင် ၂၁ ဒသမ ၇ ဘီလီယံ)တန်ဖိုးရှိ ရှယ်ယာများကို အမှုဆောင်အရာရှိချုပ် အီလွန်မတ်စ်အား တက်စလာက ပေးအပ်



ဝါရှင်တန် ဩဂုတ် ၆

အမှုဆောင်အရာရှိချုပ် အီလွန်မတ်စ်ကို ကုမ္ပဏီတွင် ဆက်လက်တာဝန်ယူဦးဆောင်နိုင်စေရန်အတွက် တက်စလာက ကုမ္ပဏီ၏ရှယ်ယာများမှ အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံ (ပေါင် ၂၁ ဒသမ ၇ ဘီလီယံ) တန်ဖိုးရှိ ရှယ်ယာများကို ယမန်နေ့က ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှယ်ယာရှင်များအတွက် "မမျှတ" ဟုဆိုကာ ၂၀၁၈ ခုနှစ်တွင် တန်ဖိုးဒေါ်လာဘီလီယံ ၅၀ ကျော်ရှိသော အီလွန်မတ်စ်၏ လုပ်ခလစာ ပက်ကေ့ချ်ကို အမေရိကန်တရားရုံးက ပယ်ချခဲ့ပြီးနောက် ထိုသို့ပေးအပ်လိုက်ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ဒယ်လာဝဲပြည်နယ်တရားရုံးက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို မတ်စ်က အယူခံဝင်ခဲ့ပြီးနောက် "ဉာဏ်ရည်တု နယ်ပယ်တွင် အရည်အချင်းရှိသူများအတွက် ပြိုင်ဆိုင်မှု ပြင်းထန်နေသဖြင့်" ဒေါ်လာ ၂၉ ဘီလီယံတန်ဖိုးရှိ ရှယ်ယာများက "အီလွန်မတ်စ်ကို တက်စလာ၌ ဆက်လက်ရှိနေစေရန် လှုံ့ဆော်ပေးနိုင်သည်" ဟု ယုံကြည်ကြောင်း ရှယ်ယာရှင်များကို ဩဂုတ် ၄ ရက်တွင် တက်စလာက အသိပေးခဲ့သည်။

ထိုပေးအပ်မှုက တက်စလာ လျှပ်စစ်ကား ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့တွင် မတ်စ်၏ မဲပေးခွင့်အာဏာကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0

## ယမန်နှစ်က ဩစတြေးလျ သန္တာကျောက်တန်းများ ပျက်စီးမှု လွန်ခဲ့သော နှစ် ၄၀ နီးပါးကာလတစ်လျှောက် အကြီးမားဆုံးဖြစ်

ကင်ဘာရာ ဩဂုတ် ၆

လွန်ခဲ့သော နှစ် ၄၀ နီးပါး ကာလတစ်လျှောက် ယမန်နှစ်က ဩစတြေးလျ သန္တာကျောက်တန်းများ ပျက်စီးမှုမှာ တစ်နှစ်အတွင်း အကြီးမားဆုံးကျဆင်းမှုဖြစ်သည်ဟု အစိုးရင်ခံစာအသစ်တစ်ရပ်တွင် ဖော်ပြထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဩစတြေးလျ ရေကြောင်းသိပ္ပံဌာန၏ တွေ့ရှိချက်အရ ကျယ်ပြန့်သော ဩစတြေးလျ သန္တာကျောက်တန်း၏ မြောက်ဘက်နှင့် တောင်ဘက်နှစ်ခုစလုံးတွင် သန္တာပျက်စီးမှုများ အကျယ်ပြန့်ဆုံး ဖြစ်ပွားခဲ့သည်။

မကြာသေးမီလများအတွင်း အပူပိုင်းမုန်တိုင်းများ၊ သန္တာများကိုစားသုံးသည့် ခရုပုစွန်မျိုးနွယ်ဝင် သရဖူဆူး ကြယ်ငါးများ ပေါက်ပွားမှုတို့ကြောင့် သန္တာကျောက်တန်းများ ထိခိုက်ခဲ့ရသော်လည်း ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော အပူဒဏ်ခံရခြင်းသည် အဓိကအကြောင်းရင်းဖြစ်သည်ဟု ဆိုသည်။

အကြီးအကျယ်ပျက်စီးစေသော အဖြစ်အပျက်များကြားတွင် သန္တာများ အမြန်ဆုံးပြန်လည်ကောင်းမွန်မလာနိုင်သည့် အခြေအနေသို့ရောက်ရှိနိုင်ပြီး "ပျက်စီးနိုင်ခြေ" ရှိသည့် အနာဂတ်နှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း သိရသည်။

Mon




## ဖင်လန်နိုင်ငံတွင် စံချိန်တင်ကြာရှည်သည့် အပူလှိုင်းကြောင့် သမင်များ သေဆုံးမှုများ ဖြစ်ပွား



ဟယ်လ်စင်ကီ ဩဂုတ် ၆

ဖင်လန်နိုင်ငံတွင် စံချိန်တင်ကြာရှည်သည့် အပူလှိုင်းကြောင့် ရာသီဥတုအပူချိန်သည် ဩဂုတ် ၅ ရက်တွင် ၂၅ ဒီဂရီစင်တီဂရိတ်အထက် ဆက်လက်ရှိနေခြင်းကြောင့် ဒေသခံ သမင်ထိန်းသိမ်းစောင့်ရှောက်သူများအကြား စိုးရိမ်မှုများဖြစ်ပေါ်စေပြီး သမင်များ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဖင်လန်နိုင်ငံတွင် မကြာသေးမီက အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်အထက်ရှိသောနေ့ရက် ၂၂ ရက်ဆက်တိုက်ရှိခဲ့ပြီး ၁၉၆၁ ခုနှစ်တွင် မှတ်တမ်းများစတင်ချိန်ကတည်းက အရှည်ကြာဆုံး အပူလှိုင်းဖြစ်ကြောင်း ဖင်လန်မိုးလေဝသဌာနက အတည်ပြုသည်။

ဆန်တာကလော့စ်၏ဇာတိမြို့ဟု ကိုယ့်ကိုယ်ကိုယ်ကြေညာထားသည့် အာတိတ်ဒေသ ရိုဗာနီမီမြို့တွင် ဩဂုတ် ၅ ရက်က အပူချိန် ၂၆ ဒီဂရီစင်တီဂရိတ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါတိရစ္ဆာန်များသည် အေးခဲသောအပူချိန်ကို ကောင်းစွာ ခံနိုင်ရည်ရှိသော်လည်း မြင့်တက်လာသော အပူချိန်နှင့်ပတ်သက်လာလျှင် ကွဲပြားခြားနားနိုင်သည်ဟု ဖင်လန်အခြေစိုက် သမင်အုပ်ထိန်းသူများအဖွဲ့အစည်း၏ ဒါရိုက်တာ အန်နီအိုလီလာက မှတ်ချက်ချခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

## လာအိုနိုင်ငံ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးမှုများ မြှင့်တင်

ဗီယင်ကျန်း ဩဂုတ် ၆

လာအိုနိုင်ငံသည် အထူးသဖြင့် ထိခိုက်လွယ်သော အုပ်စုများကြားတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးမှုများကို မြှင့်တင်ခဲ့သည်။

လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာစေရန်နှင့် တရားဝင်အလုပ်အကိုင်ရရှိစေရန် ရည်ရွယ်၍ လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်း ဝန်ကြီးဌာနသည် ကမ္ဘာ့လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှုကို ဩဂုတ် ၅ ရက်တွင် ပြုလုပ်ခဲ့သည်။

လူကုန်ကူးမှုအန္တရာယ်၊ လူ့အခွင့်အရေးကို ချိုးဖောက်သည့် ကြီးလေးသော ရာဇဝတ်မှု အန္တရာယ်၊ ကျူးလွန်ခံရသူများအပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေနိုင်သည့် အန္တရာယ်များနှင့် ပတ်သက်၍ ပြည်သူများကို အသိပညာပေးရန် ရည်ရွယ်၍ အဆိုပါလှုပ်ရှားမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လူကုန်ကူးမှုသည် နစ်နာသူ မိသားစုများသာမက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့ကိုလည်း ထိခိုက်ပျက်ပြားစေသည်။

လူကုန်ကူးမှုပပျောက်ရေးအတွက် ပြည်သူများအကြား အသိပညာပေးခြင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ရည်ရွယ်၍ ကမ္ဘာ့လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ကို လာအိုနိုင်ငံ၌ နှစ်စဉ် ဇူလိုင် ၃၀ ရက်တွင် ကျင်းပလေ့ရှိသည်။




လာအိုနိုင်ငံ၌ ၂၀၂၅ အပြည်ပြည်ဆိုင်ရာ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပစဉ်။

ဆင်ဟွာ

# စာအုပ်စင်ကဏ္ဍ

ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - ဆင်တူရောင်ကွဲ ဂေါ်ဝိန် |
| စာရေးသူ | - ရဲသျှမ်း |
| ထုတ်ဝေသည့်စာပေတိုက် | - ရသယဉ်စွန်းတန်းစာပေ |
| တန်ဖိုး | - ၁၂၀၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅၊ ဇူလိုင်လ |
| မျက်နှာဖုံးဒီဇိုင်း | - မာဏ |
| စာမျက်နှာ | - ၂၀၄ မျက်နှာ |

စာရေးသူ ရဲသျှမ်း၏ "ထာဝရရှင်သန်သော" အမှာစာနှင့်အတူ ဆရာ သိုက်ထွန်းသက်အကြောင်း ရေးဖွဲ့ထားသော လုံးချင်းဝတ္ထုရှည် ဖြစ်သည်။ ဆရာ သိုက်ထွန်းသက်၏ သမီးကြီးဖြစ်သူ အိမြဝတီဇော်(အေးမြနု)ထံမှ ဆရာသိုက်ထွန်းသက်၏ ဒိုင်ယာရီ စာအုပ်များကို အခြေခံပြီး ဆရာရဲသျှမ်းက ကွယ်လွန်သူ ဆရာ သိုက်ထွန်းသက် နေရာကနေ ဝင်စားပြီး ခံစားရေးဖွဲ့ထားသော အတ္ထုပ္ပတ္တိဝတ္ထု ဖြစ်သည်။




ဝတ္ထုစာအုပ်၏ နောက်ဆုံးစာမျက်နှာများတွင်လည်း သမီးနှစ်ယောက်၏ မိဘအပေါ် ခံစားရသော အလွမ်းစာအဖြစ် "ဖေဖေ့အတွက် ဆင်တူရောင်ကွဲ ဂေါ်ဝိန်" နှင့် "ရုပ်ရှင်လို ခံစားရတဲ့အကြောင်း" ကိုလည်း ဖတ်ရှုရမည်ဖြစ်ပြီး ဝတ္ထုအစမှ အဆုံးအထိ လက်မှမချဘဲ ဖတ်ချင်စဖွယ် စာအုပ်ကောင်းဖြစ်ရာ မန္တလေး စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

| | |
|---|---|
| စာအုပ်အမည် | - တခြားကမ္ဘာက အရောင် |
| စာရေးသူ | - စစ်ငြိမ်း |
| ထုတ်ဝေသည့်စာပေတိုက် | - ဆန်းစသော်တာစာပေ |
| တန်ဖိုး | - ၆၀၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၃၊ အောက်တိုဘာလ(ဒုတိယအကြိမ်) |
| မျက်နှာဖုံးဒီဇိုင်း | - နေမျိုးဆေး |
| စာမျက်နှာ | - ၁၀၇ မျက်နှာ |

ခေတ်ပေါ်(မော်ဒန်)ဝတ္ထုရှည်ဖြစ်ပြီး ဇာတ်လမ်း၊ ဇာတ်ကွက် အသားမပေးဘဲ သိစိတ်အလျဉ်းရေးဖွဲ့မှုဖြင့် တင်ပြထားသော စာအုပ်ဖြစ်သည်။ စာရေးသူ၏ "တခြားကမ္ဘာက အရောင်အကြောင်း" အမှာစာနှင့်အတူ စိတ်ခံစားမှု အဖွဲ့အနွဲ့များကို တစ်ဝကြီး ဖတ်ရှုရမည် ဖြစ်သည်။




"ဟိုး အဝေးက နှင်းတွေအောက်မှာ မတ်တတ်ရပ်ငေးမောနေသော ကျနော့်ကျောပြင်ကို ခပ်ရေးရေးလှမ်းမြင်ရရန် မျှော်လင့်ခဲ့ပြီး အကယ်၍များ ပြန်တွေ့ခဲ့လျှင် ကျနော့်ကိုယ် ကျနော် ပြေး၍ ပွေ့ဖက်နှုတ်ဆက်ချင်ပါသည်။ ကျနော့်ကိုယ် ကျနော် လွမ်းလှပါပြီ"

(အမှာစာမှ)

ခေတ်ပေါ်စကားပြေ အရေးအဖွဲ့ နှစ်သက်သူများ သဘောကျမည့် စာအုပ်ဖြစ်ရာ မန္တလေး စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကျန်းမာစေဖို့ လမ်းလျှောက်စို့

* ကျန်းမာရေးကို အလေးထားလို့
အားကစား ပြုဆောင်ပါ ။
ခန္ဓာကိုယ် ကြံ့ခိုင်မှု
အားမာန်ပြုရာ ။
သုံးရာသီ အချိန်တိုင်းမှာ
စုပေါင်းကာ လှုပ်ရှားကြ ။
အလွှာစုံ ကမ်းလက်တွဲလို့ရယ်
နွဲ့ပျော်ရွှင်ပျ ။
* အားကစားအစုံ တက်တက်ကြွလို့
ပြုလုပ်မှ ကျန်းမာမည် ။
လှုပ်ရှားအတူ တွဲလက်ကမ်း
လှမ်းဆက်မာန်ချီ ။
ဗလငါးတန်နှင့် ပြည့်စုံတည်
တစ်ကိုယ်ရေ သန့်ရှင်းဖို့ ။
တို့များအတူ ပြုံးရွှင်လန်းကာရယ်
လမ်းလျှောက်ကြစို့ ။ ။

သူ့ထက်ဆန်း(မန္တလေး)

## နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲ ဆောင်ရွက်



**ကွန်ဟိန်း ဩဂုတ် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့ အမှတ်(၁) အခြေခံ ပညာအလယ်တန်းကျောင်းခွဲ၌ နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်သဲမာက သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများ၊ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်လိုက်နာရန်အချက်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲအား ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာစေရန်၊ ဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် ၊ စာပေ လေ့လာစို့ ။




## လူငယ်ရေးရာ အသိပညာပေးဟောပြော၊ နံရံကပ်စာစောင်ပြသ

**ကလော ဩဂုတ် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အကြို လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကလောမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမာက ကလေးအလုပ်သမားအဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များအားလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးကြွယ်က လူငယ်များနေ့ဖြစ်ပေါ်လာပုံ၊ သမိုင်းကြောင်းများ၊ လူငယ်များအနေဖြင့် စာဖတ်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးအကြောင်းတို့ကို ဟောပြောခဲ့သည်။

ထို့နောက် ပညာရတနာခန်းမရှေ့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေး ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးစသည့် နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*-*





## မြို့နယ်လုံးဆိုင်ရာ ဝိနည်းစာမေးပွဲအောင်မြင်တော်မူခဲ့သည့် စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်း

**ကျောက်ဆည် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ သင်တောင်းကျေးရွာ မဟာရွှေသိမ်တော်ဆုတောင်းပြည့်ဘုရား ကေသီဦးဓမ္မာရုံ၌ ယမန်နေ့ မွန်းတည့် ၁၂နာရီက မြို့နယ်လုံးဆိုင်ရာ ဝိနည်းစာမေးပွဲ၌ အောင်မြင်တော်မူခဲ့ကြသည့် စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ခဲ့ပြီး တက်ရောက်လာသူများက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တမောဃာ ရွှေစေတီကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပညာသာမိ (မဟာဂန္ထဝါစကပဏ္ဍိတ) ရွှေစေတီကျောင်းတိုက်ဆရာတော်မှ အောင်လက်မှတ်ဆက်ကပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မင်းနှင့် တာဝန်ရှိသူများက ပင့်သံဃာဆရာတော်ကြီးများနှင့် စာအောင်သံဃာတော်များအား ဝတ္ထုငွေ၊ သင်္ကန်းခြင်းများနှင့် စာအောင်လက်မှတ်၊ စာအောင်ဆုများ ဆက်ကပ်လှူဒါန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ဩဝါဒါစရိယ ရွှေကူညီကျောင်းဆရာတော် ဘဒ္ဒန္တဇနိတာဘိဝံသထံမှ ရေစက်သွန်းချ အနုမောဒနာတရားနာယူကြည်ညိုခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုရုပ်သိမ်းခဲ့သည်။

ကျောက်ဆည်မြို့နယ်လုံးဆိုင်ရာ ဝိနည်းစာမေးပွဲတွင် အဋ္ဌမအဆင့်၊ သတ္တမအဆင့်၊ ဆဋ္ဌမဆင့်၊ ပဉ္စမဆင့်၊ စတုတ္ထအဆင့်၊ တတိယအဆင့်၊ ဒုတိယအဆင့်၊ ပထမအဆင့်နှင့် မူလတန်းအဆင့် စုစုပေါင်း စာအောင်သံဃာ အပါး ၂၀၀ အောင်မြင်တော်မူခဲ့ကြောင်း သိရသည်။

(၄၈၅)

## မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်း(၁၂၉)နှစ်မြောက် အမရပူရမြို့နယ်ရှိ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်များအား ငွေနှင့် ဆွမ်းဆန်တော်များ လှူဒါန်း

**မန္တလေး ဩဂုတ် ၆**



မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီးမှ အမရပူရမြို့နယ်ရှိ ရဟန်း ၁၈၀၇ ပါး၊ သာမဏေ ၁၃၂၂ပါး၊ သူတော် ၂၀၄ ပါး၊ သီလရှင် ၂၀၄ ပါး၊ စုစုပေါင်း ၃၃၆၅ ပါးအား တစ်ပါးလျှင် ဆွမ်းဆန်လေးပြည်ကျစီဖြင့် စုစုပေါင်း ရှစ်ပြည်ဝင် ဆွမ်းဆန်ခွဲအိတ် ၁၆၇၈အိတ်၊ ဘွဲ့ထူးဂုဏ်ထူးရသည့်ရဟန်း၊ သီလရှင်များ ဘွဲ့ပေါင်း ၁၉၅ ဘွဲ့အား တစ်ဘွဲ့ ငွေကျပ် ၂၅၀၀၀စီဖြင့် ငွေကျပ် ၄၈၇၅၀၀၀၊ သက်တော်ရှည်ဆရာတော်ကြီး ၁၄ ပါးအား တစ်ပါးလျှင် ငွေကျပ်တစ်သိန်းစီဖြင့် ငွေကျပ် ၁၄ သိန်းအား ဩဂုတ် ၄ရက်က မလွန်ဈေးဆန်လှူအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်း၊ အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် အမှုဆောင်များက အမရပူရမြို့နယ်ရှိ ကျောင်းတိုက်များသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆွမ်းဆန်တော်အတွက် လှူဒါန်းလိုပါက မန္တလေး၊ မြန်မာ့စီးပွားရေးဘဏ်(၃)တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် SF ၀၀၀၆၀၂ (ငွေပင်အလှူငွေ)နှင့် SF ၀၀၀၃၉၀(ဆွမ်းဆန်တော်အလှူငွေ)တို့သို့ လှူဒါန်းကုသိုလ်ပြုနိုင်ကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀-၀



**မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး၊ ကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က အလှူရှင် ရန်ကုန်မြို့နေ ဦးခင်မောင်ဝင်း+ဒေါ်ဝင်းဝင်းမော်၊ (သား) မောင်အောင်ကျော်မျိုး(ခ)ဟန်ဟန်၏ (၂၃)နှစ်ပြည့်(မွေးနေ့) အထိမ်းအမှတ်အဖြစ် မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်ငွေကျပ် တစ်ဆယ့်နှစ်သိန်း လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။**

(ကဆ)

## Grade - 12 အောင်မြင်ပြီး ဂုဏ်ထူးရရှိသော ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုထောက်ပံ့ခြင်းအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ ၂၀၂၅ - ၂၀၂၆ ခုနှစ် ပညာသင်နှစ်တွင် Grade - 12 အောင်မြင်ပြီး ဂုဏ်ထူးရရှိသော ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုထောက်ပံ့ခြင်း အခမ်းအနားကို ဩဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တိုင်းဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးလွင်က ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုစကားပြောကြားပြီး ၂၀၂၅ - ၂၀၂၆ ခုနှစ် ပညာသင်နှစ်တွင် Grade - 12 အောင်မြင်ပြီး ဂုဏ်ထူးရရှိသူ ငါးဦးအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဂုဏ်ပြုထောက်ပံ့ငွေများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးချုပ်နှင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးတို့က ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး တစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် လေးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်နှစ်ဦးတို့အား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**(အောက်ပုံ)**

(၀၃၇)



## ပုဂံမြို့ လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး (၉၅၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**ညောင်ဦး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ သီရိပစ္စယာရပ်ရှိ လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး၏ (၉၅၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၊ ဆွမ်းသပိတ်လုံးလောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို စေတီတော်ကြီးရင်ပြင်တော်၌ ဩဂုတ် ၁ ရက်၊ နံနက် ၈ နာရီခွဲက စတင်၍ လောကနန္ဒာစွယ်တော်မြတ်စေတီရင်ပြင်တော်ပေါ်တွင် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပခဲ့သည်။

လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး၏ (၉၅၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် နိုင်ငံတော်ဩဝါဒါစရိယ၊ မြစ်ကြည့်တိုက်၊ ရုပ်စုံကျောင်းဆရာတော် ဘဒ္ဒန္တဣန္ဒဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်၍ ကြွရောက်လာသည့် ဆရာတော်များထံမှ မေတ္တသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လောကနန္ဒာ စွယ်တော်မြတ်စေတီဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဗုဒ္ဓပူဇနီယပွဲတော်လာဧည့်ပရိသတ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ညောင်ဦးမြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အလိုတော်ပြည့်စာသင်တိုက်ပဓာနနာယကဆရာတော်(ဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တပဏ္ဍိတထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။ ထို့နောက် ပင့်သံဃာ ၁၇၀ ပါးအား လောကနန္ဒာဘုရားစွယ်တော်မြတ်စေတီရင်ပြင်တော်ပေါ်၌ ဆွမ်းသပိတ်လုံးများ လောင်းလှူခဲ့ကြသည်။



လောကနန္ဒာစွယ်တော်မြတ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို အစဉ်အလာမပျက် ကျင်းပလျက်ရှိပြီး မြန်မာပြည်အရပ်ရပ်မှ ကုသိုလ်ရှင်များ၊ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိရာ ဇရာဝတီမြစ်လယ်ကျွန်းကျေးရွာများမှ လောင်းလှေများဖြင့် လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီးအား ဦးတိုက်ပူဇော်ခြင်း၊ ခေတ်အဆက်ဆက် လောင်းလှေပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည့် ပြယုဂ်များကို အလှုပြသခြင်းများနှင့် အခြားမြို့များမှ ဆယ့်နှစ်ပွဲဈေးသည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၁)

မျက်စိလှူကြ၊ မျက်ကြည်ရ၊ မြတ်သည့်လှူဒါန်း။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၆)၊ ဦးပိုင်အမှတ်(၁၃-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၈)ဧကရှိ ဦးမိုး အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူအမှတ်စဉ်(၁) အမည်ဖြင့် (၃-၁၁-၂၀၂၂)ရက်စွဲပါ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်-၁၁၀၀၅/၂၀၂၂ လက်ခံဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော ဦးအောင်သူရသျှန် (အဘ)ဦးလှရွှေ(၉/မဟမ(နိုင်)၀၀၆၂၈၉)၊ ဒေါ်ဖြိုးဝေသိန်းကျော် (အဘ)ဦးမောင်သိန်း(၅/ဟမလ(နိုင်)၁၆၉၃၈၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အကွက်အမှတ်(ဗ-၂၈)၊ ဦးပိုင်အမှတ်(၅၂-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧကထဲမှ အနောက်ဘက်ခြမ်း (ပေ၂၀×၁၅ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၈)၊ ဦးပိုင်အမှတ်(၅၂-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးတင်မြင့် အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အနောက်ဘက်ခြမ်း (ပေ၂၀×၁၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးအောင်မြင့်စိုး(ဘ)ဦးသိန်း(၉/အမရ(နိုင်)၀၅၈၃၄၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B)　　ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်အမှတ်(၁၆၂)၊ အရှေ့ဘက်ခြမ်း ပေ(၂၀×၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်အမှတ်(၁၅၇+၁၆၂)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးတင်ဝင်း အမည်ပေါက် (ဂရန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အတွင်း ဦးပိုင်(၁၆၂)၏ အရှေ့ဘက်ခြမ်းပေ(၂၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးမောင်မောင်(ဘ)ဦးတင်ထွေး(၉/မနမ(နိုင်)၀၈၅၂၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B)　　ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အကွက်အမှတ်(ဗ-၈)၊ ဦးပိုင်အမှတ်(၁၁၉)၊ (ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၈)၊ ဦးပိုင်အမှတ်(၁၁၉)၊ (ပေ၃၀×၄၅ပေ) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးသန်းစိန် အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်မြတ်သီတာ (ဘ)ဦးသာငွေး(၉/မရတ(နိုင်)၀၁၁၈၉၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B)　　ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အ.ထ.က(၃၅) မှ Grade-5 **မဝိုင်းယသော်မိုး**၏ ဖခင်အမည်မှန်မှာ ဖွားစာရင်းအရ **ဦးသီဟနိုင်**ဖြစ်ပါကြောင်း။

**ဦးသီဟနိုင်**

## ပျောက်ဆုံးကြောင်း

ဦးမျိုးမြင့်(ဘ)ဦးမြင့်စိန် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်(၅/မရန(နိုင်)၀၀၃၃၇၉ ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၄၃၁၀၉၆၂၇

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၄)၊ ဦးပိုင်နံပါတ်(၃၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဒေါ်ခင်မာကြည် အမည်ပေါက်ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်ရီ (ဘ) ဦးငွေး(၉/မရမ(နိုင်)၀၃၄၃၅၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၅)၊ ဦးပိုင်နံပါတ်(၂၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဒေါ်ဝင်းဝင်း အမည်ပေါက်ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးနိုင်ထွန်း (ဘ) ဦးကျော်ငွေး(၅/ဝလန(နိုင်)၀၉၃၈၇၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၃)၊ ဦးပိုင်နံပါတ်(၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးဝင်းအောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း ပေ(၂၀×၄၀)နှင့်ကပ်လျက် မြောက်ဘက်ပိုင်း (၁၄ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ကျော်မိုး (ဘ)ဦးအေး(၈/ပကခ(နိုင်)၁၅၃၈၁၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## ကြော်ငြာစာ

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၄)၊ ဦးပိုင်အမှတ်(၁၅)၊ ၅၆လမ်းနှင့်၅၇လမ်းကြား၊ ၁၀၃လမ်းနှင့်၁၀၄လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ဦးဘမို ထံမှ အမွေဆက်ခံစာချုပ်အမှတ်(၄၄၁/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်မီမီတင်(၉/မရမ(နိုင်)၀၅၀၄၅၇)၊ ဒေါ်မီမီခင်(၉/မရမ(နိုင်)၀၅၀၄၅၈)တို့က တောဂရန်စာချုပ်နှင့်အတူအမှုတွဲအမှတ်(၁၇၂၇/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၆)၊ ဦးပိုင်အမှတ်(၄၅)ခဲစင်း၊ ၆၇(D)လမ်း၊ ၁၁၈လမ်းနှင့်၁၁၉လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးရွှေအိထံမှ အရပ်ကတိဖြင့် ဝယ်ယူခဲ့သော ဒေါ်သင်းအိဇင် ၄င်းတို့(၂)ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၅၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သော ဦးနေလင်းအောင်(၉/မရမ(နိုင်)၀၉၂၀၃၄)၊ ဒေါ်ချောချောရင်(၁၄/ငပတ(နိုင်)၂၀၆၉၃၆)တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၇၃၃/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၉)၊ ဦးပိုင်အမှတ်(၅၂)၊ ၆၃ လမ်းနှင့်၆၄လမ်းကြား၊ ၁၁၈လမ်းနှင့်၁၁၉လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးစိန်ဝင်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၁၂၁/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အေးမြင့်(၉/မရမ(နိုင်)၀၆၉၃၇၁)က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၇၄၉/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

- ❖ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှုပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ယခုထက် မြှင့်တင်ကြရန် တိုက်တွန်းပြောကြားလို...
- ❖ အစိုးရနှင့်ပုဂ္ဂလိကအကြား နီးနီးစပ်စပ်ပူးပေါင်းပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှု တိုးတက်လာစေမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ပြုလုပ်သော မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# စွမ်းအင်ဝန်ကြီးဌာန ကုန်းတွင်းလုပ်ကွက် IOR-4 (ပြည်ဒေသ) ဧရိယာ - ၁၊ IOR-6 (မြန်အောင်ဒေသ) ဧရိယာ - ၃ နှင့် IOR -7 (ရွှေပြည်သာဒေသ) ဧရိယာ - ၂ တို့တွင် တိုးတက်ထွက်ရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်များ လက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၆

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် HNA Myanmar Oil & Gas Ltd. တို့အကြား ကုန်းတွင်းလုပ်ကွက် IOR-4 (ပြည်ဒေသ) ဧရိယာ - ၁ နှင့် IOR-6 (မြန်အောင်ဒေသ) ဧရိယာ-၃ တို့အတွက်လည်းကောင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Future Engineering & Gold, Mining Co., ltd. တို့အကြား IOR-7 (ရွှေပြည်သာဒေသ) ဧရိယာ - ၂ အတွက်လည်းကောင်း ရေနံအထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုးတက်ထွက်ရှိလာသော ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။



လက်မှတ်ရေးထိုးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဦးစီးဌာန/လုပ်ငန်းများမှ တာဝန်ရှိသူများ၊ HNA Myanmar Oil & Gas Ltd. နှင့် Future Engineering & Gold, Mining Co., ltd. တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍသည် အရေးကြီးပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ စီးပွားဖွံ့ဖြိုးတိုးတက်လာမှုတွင် စွမ်းအင်ကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်အနက် **"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"** ဦးတည်ချက်ပါဝင်သည်ဖြစ်ရာ အဆိုပါဦးတည်ချက်အောင်မြင်စေရေးအတွက် စွမ်းအင်ကဏ္ဍသည် အထူးအရေးပါလျက်ရှိပါကြောင်း။

စိုက်ပျိုးရေးအတွက် လိုအပ်သည့်ဓာတ်မြေဩဇာနှင့် စက်မှုကဏ္ဍမြှင့်တင်ရေးအတွက် အရေးပါသည့် လျှပ်စစ်ဓာတ်အားရရှိရေးသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုအပေါ်တွင် များစွာတည်မှီနေသောကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နည်းလမ်းမျိုးစုံအသုံးပြု၍ ကြိုးစားဆောင်ရွက်လျက်ရှိရာ သက်တမ်းရင့်ရေနံမြေများမှ ကုန်းတွင်းလုပ်ကွက် (၁၀)ကွက်ကို တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ တိုးတက်ထွက်ရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်ဖြင့် လုပ်ငန်းများဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ပထမအကြိမ် ခွင့်ပြုပေးခဲ့သည့် လုပ်ကွက်အနေဖြင့် ယခုအချိန်တွင် သဘာဝဓာတ်ငွေ့များထုတ်လုပ်နေပြီး ယင်းဒေသ၏ လျှပ်စစ်မီးရရှိရေးအတွက် အသုံးပြုလျက်ရှိနေပြီဖြစ်ပါကြောင်း၊ ယနေ့စာချုပ်ချုပ်ဆိုမည့် ပြည်ရေနံမြေ၊ မြန်အောင်ရေနံမြေနှင့် ရွှေပြည်သာရေနံမြေတို့သည် ပြည်အနည်ကျချိုင့်ဝှမ်းကြီးအတွင်း တည်ရှိသည်ဖြစ်ရာ အစဉ်အလာကောင်းများနှင့် အလားအလာကောင်းများရှိသည့် ရေနံမြေများဖြစ်သဖြင့် ခေတ်မီနည်းပညာများ၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ရှာဖွေခြင်း၊ အကဲဖြတ်ခြင်း၊ တူးဖော်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် HNA Myanmar Oil & Gas Ltd. နှင့် Future Engineering & Gold, Mining Co., ltd., တို့မှ တာဝန်ရှိသူများက တိုးတက်ထွက်ရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက တိုးတက်ထွက်ရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာအသင်းက တာမင်နစ္စတန်အသင်းကို ခြောက်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူ

**ရန်ကုန် ဩဂုတ် ၆**

၂၀၂၆ အေအက်စ်စီအာရှဖလား အမျိုးသမီး(ယူ-၂၀) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ(အုပ်စု-ဃ)အဖွင့်ပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းကြီးတွင် မြန်မာအသင်းနှင့် တာမင်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက တာမင်နစ္စတန်အသင်းကို ခြောက်ဂိုး၊ တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။



မြန်မာအသင်းအတွက် သွင်းဂိုးခြောက်ဂိုးကို ပွဲချိန် ၁၄မိနစ်၊ ၂၈မိနစ်နှင့် ၅၄မိနစ်တို့တွင် အိသက်ဖြိုး၊ ပွဲချိန် ၂၅မိနစ်နှင့် ၄၂မိနစ်တွင် ဒေဇီအောင်၊ ပွဲချိန် ၆၆မိနစ်တွင် ယဉ်လွှန်းအိမ်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၆ အေအက်စ်စီအာရှဖလား အမျိုးသမီး(ယူ-၂၀) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ (အုပ်စု-ဃ)ဒုတိယပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၈ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်အား MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**

## အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဩစတြေးလျအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဩဂုတ် ၆**

အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဩစတြေးလျအသင်းတို့ ဩဂုတ် ၇ ရက်(ယနေ့) ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Tetsuro Uki (မြန်မာအမျိုးသမီးအသင်း နည်းပြချုပ်) က "ပြိုင်ဘက်ကောင်းတွေနဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် တစ်ပွဲချင်း အာရုံစိုက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ ဒီပြိုင်ပွဲမတိုင်မီ တရုတ်နိုင်ငံမှာ သွားရောက် လေ့ကျင့်ပြင်ဆင်ထားတာကြောင့် ပုံစံကောင်း ရရှိနေပြီလို့ ယုံကြည်ထားပါတယ်။ ဩစတြေးလျနဲ့ ဖိလစ်ပိုင်တို့ဟာ မာကျောတဲ့ အသင်းတွေဖြစ်ပေမယ့် ရလဒ်ကောင်း ယူနိုင်ဖို့ သေချာပြင်ဆင်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အသင်းဟာ ပွဲစဉ်တိုင်းကို တိုက်ပွဲဝင် စိတ်ဓာတ်အပြည့်နဲ့ ကစားသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာအသင်းသည် အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)အဖွင့်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ဗီယက်နမ်နိုင်ငံ၊ Viet Tri Stadium ကွင်းကြီးတွင် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

